# မြန်မာ့စီးပွားရေးစောင့်ကြည့်လေ့လာမှု အစီရင်ခံစာ အနှစ်ချုပ်

## လတ်တလော ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေများ

**COVID-19 ကမ္ဘာ့ကပ်ရောဂါ ဒုတိယကူးစက်ပြန့်နှံ့မှုလှိုင်းသည် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးနှင့် စီးပွားရေးအကျပ်အတည်းကို ပိုမိုဆိုးရွားစေခဲ့သည်။** ပြီးခဲ့သည့် လများအတွင်း COVID-19 ရောဂါ ပြည်တွင်းကူးစက်မှုနှုန်း လျှင်မြန်စွာ မြင့်တက်လာခဲ့သည်။ ကမ္ဘာ့ကပ်ရောဂါကို ထိန်းချုပ်ရန် ချမှတ်ကျင့်သုံးရသည့် တားမြစ်ကန့်သတ်ချက်များသည် စားသုံးမှု နှင့် ရင်းနှီးမြှုပ်နှံမှုများကို ထိခိုက်စေသကဲ့သို့ စီးပွားရေးလုပ်ငန်းများ လည်ပတ်ခြင်း ၊ လုပ်သားနှင့် သွင်းကုန် ထောက်ပံ့မှုကို နှောင့်နှေးစေခြင်းတို့ ဖြစ်စေသည်။ ကမ္ဘာ့စီးပွားရေးသည် အသွားအလာ ကန့်သတ်ပိတ်ဆို့မှုများ တဖြည်းဖြည်း ဖြေလျှော့မှုနှင့်အတူ ပြန်လည် ဦးမော့လာသော်လည်း ကမ္ဘာ့နိုင်ငံများစွာ၌ COVID-19 ဆက်လက် ကူးစက်ပြန့်ပွားနေမှုကြောင့် စီးပွားရေးပြန်လည် ထူထောင်မှုကို နှေးကွေးစေသည်။

**၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် မြန်မာ့စီးပွားရေးတိုးတက်မှုနှုန်းသည် ၆.၈ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၉-၂၀ ဘဏ္ဍာနှစ်တွင် ၁.၇ ရာခိုင်နှုန်းသို့ ကျဆင်းမည်ဟု ခန့်မှန်းသည်။** ကုန်ထုတ်လုပ်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ပါဝင်သည့် မြန်မာ့စီးပွားရေးပမာဏစုစုပေါင်း၏ သုံးပုံတစ်ပုံခန့်ရှိသော စက်မှုလုပ်ငန်းကဏ္ဍသည် သွင်းကုန်စီးဆင်းမှု ပြတ်တောက်ခြင်း၊ စီးပွားရေးလုပ်ငန်းများ နှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များ ပိတ်သိမ်းရခြင်း ၊ ပြည်တွင်းပြည်ပ ဝယ်လိုအား ကျဆင်းခြင်းတို့ကြောင့် ၁.၃ ရာခိုင်နှုန်းအထိ နှေးကွေးသွားမည်ဟုခန့်မှန်းသည်။ ခရီးသွားလုပ်ငန်းနှင့် ပြည်တွင်း ကူးသန်းသွားလာနိုင်မှု၊ ဝင်ငွေ နှင့် အလုပ်အကိုင်တို့ အပေါ် COVID-19 ၏ သက်ရောက်မှုကြောင့် ဝန်ဆောင်မှုကဏ္ဍ ကို ထိခိုက်စေသကဲ့သို့ အကျိုးဆက်အနေဖြင့် လက်လီကုန်သွယ်မှု၊ အစားအစာ နှင့် တည်းခိုနေထိုင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ အပေါ်ထိခိုက်စေသည်။ အချို့သော စီးပွားရေးလုပ်ငန်းများမှာ အင်တာနက်ပလက်ဖောင်းများကိုအသုံးပြုကာ အကျိုးဖြစ်ထွန်းလာကြသကဲ့သို့ အီလက်ထရောနစ် ကုန်သွယ်ရေးအခွင့်အလမ်းများ အားကောင်းလာခြင်းဖြင့် ကူးသန်းသွားလာခြင်းဆိုင်ရာ ကန့်သတ်ချက်များကို ကျော်လွှားကြကြောင်းတွေ့ရသည်။ စိုက်ပျိုးရေးကဏ္ဍတွင်မူ မိုးလေဝသ ကောင်းမွန်သောကြောင့် ဆန်စပါး၊ ပဲမျိုးစုံ နှင့် ပြောင်း ထုတ်လုပ်ရေးလုပ်ငန်းများ ကောင်းမွန်ခဲ့သဖြင့် ကြံ့ကြံ့ခံနိုင်ရည်ရှိခဲ့ပြီး အခြားသောကဏ္ဍများထက် ကပ်ရောဂါ၏ တိုက်ရိုက်ထိခိုက်မှုနည်းပါးခဲ့သည်။

**ကမ္ဘာ့ကပ်ရောဂါသည် အဆင်းရဲဆုံးနှင့် ထိခိုက်လွယ်အင်အားနည်းပါးသူများအပေါ် ထိခိုက်မှု အလွန်ပြင်းထန်သည်**။ ရောဂါကူးစက်မှု ဒုတိယလှိုင်းတွင် ချမှတ်ခဲ့သည့် ကန့်သတ်ချက်များသည် အိမ်ထောင်စုများစွာကို ဆင်းရဲမွဲတေသည့် အခြေအနေသို့ ကျရောက်စေခဲ့သည်။ ငွေကြေးစုဆောင်းနိုင်မှုနည်းပါးသည့် ဆင်းရဲသော အိမ်ထောင်စုများသည် ဝင်ငွေလျော့ကျလာသည့် အခြေအနေကို ရင်ဆိုင်ရသည့်အခါ အစားအစာနှင့်

အခြားအသုံးအဆောင်များကို လျှော့ချသုံးစွဲခြင်းဖြင့် ရုန်းကန်ရင်ဆိုင်ရသည်။ ၂၀၂၀ ခုနှစ် ဩဂုတ်လနှင့် အောက်တိုဘာလတို့အကြား အစားအစာ ဖူလုံခြင်းမရှိသည့် အခြေအနေကို အတော်အသင့် မှ အလွန်အမင်း အထိ တွေ့ကြုံရသည့် အိမ်ထောင်စုရာခိုင်နှုန်းမှာ ၁၂ မှ ၂၅ ရာခိုင်နှုန်းအထိ ရှိလာခဲ့ကြောင်းတွေ့ရသည်။ ပိုမိုဆင်းရဲသည့် အိမ်ထောင်စုများတွင် ကြွေးမြီ ပေးဆပ်ရခြင်းသည်လည်း ဝန်ထုတ်ဝန်ပိုးတစ်ခုဖြစ်သည်။ အန္တရာယ်များ၍ ရေရှည်အဆင်မပြေနိုင်သည့် နည်းလမ်းများ (ဥပမာ တိုးပွားနိုင်သည့် ပစ္စည်းများကို ရောင်းချခြင်း၊ ကလေးများအား ကျောင်းထုတ်၍ အလုပ်လုပ်စေခြင်း) သည် ရေရှည်တွင် အိမ်ထောင်စု၏ ဝင်ငွေရလမ်းကို ထိခိုက်စေပါလိမ့်မည်။

**အစားအစာဈေးနှုန်းများ တဖြည်းဖြည်းကျဆင်းလာကာ လျှပ်စစ်မီတာခနှုန်းထားများ လျှော့နည်းကောက်ခံမှု တိုးမြှင့် ခဲ့ခြင်းကြောင့် ပြည်တွင်း ငွေကြေးဖောင်းပွမှု လျော့ကျခဲ့သည်။** အစားအစာ၊ လောင်စာဆီနှင့် လျှပ်စစ်မီတာခ ဈေးနှုန်းများ ကျဆင်းခဲ့သောကြောင့် ဇန်နဝါရီလတွင် ငွေကြေးဖောင်းပွနှုန်း ၉.၁ ရာခိုင်နှုန်း (yoy) ရှိခဲ့ရာမှ ဩဂုတ်လတွင် ၁.၈ ရာခိုင်နှုန်း (yoy) သို့ကျဆင်းလာခဲ့သည်။ နှစ်အလိုက် တွက်ချက်ရာတွင် လျှပ်စစ်မီတာခနှုန်းထား ယခင်နှစ်ကထက် ကျဆင်းလာမှုကြောင့် အဓိက ငွေကြေးဖောင်းပွနှုန်း (အစားအစာနှင့် လောင်စာဆီဈေးနှုန်းများ မပါ) လျော့ကျခဲ့သည်။

**COVID-19 ကြောင့် ကုန်သွယ်မှု ကျဆင်းခဲ့သော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုချက်များမှာမူ ဆက်လက်တည်ရှိသည်။** ဘဏ္ဍာနှစ် ဒုတိယနှစ်ဝက်တွင် သွင်းကုန်နှင့် ပို့ကုန်များ ကျဆင်းလာခဲ့ပြီး ဘဏ္ဍာနှစ် ၂၀၁၉-၂၀ တွင် ကုန်သွယ်မှုလိုငွေသည် GDP၏ ၂ ရာခိုင်နှုန်းအထိ များပြားလာခဲ့သည်။ ကုန်သွယ်မှုလိုငွေ များပြားလာသော်လည်း ၂၀၁၈ ခုနှစ်နှင့် ဆန့်ကျင်စွာပင် ပြီးခဲ့သည့်တစ်နှစ်လုံး မြန်မာကျပ်ငွေ သည် အမေရိကန်ဒေါ်လာနှင့် အပြိုင် တန်ဖိုးမြင့်လာကြောင်း တွေ့ရသည်။ ကပ်ရောဂါကာလအတွင်း ရင်းနှီးမြှုပ်နှံမှုကို ဆက်လက်တိုးမြှင့်စေခြင်း နှင့် စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့ပေးခြင်းတို့ဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) ကိုအားပေးခဲ့သည်။

**COVID-19 ကြောင့် အခွန်ဘဏ္ဍာများ ထိခိုက်လျော့နည်းခဲ့ခြင်း နှင့် အသုံးစရိတ်မြင့်မားလာခြင်းတို့ကြောင့် ဘဏ္ဍာနှစ် ၂၀၁၉-၂၀ နှင့် ၂၀၂၀-၂၁ တို့တွင် ဘဏ္ဍာရေးလိုငွေပြမှု သိသာစွာ မြင့်မားလာမည်ဟု မျှော်မှန်းသည်။** ဘဏ္ဍာနှစ် ၂၀၁၉-၂၀ တွင် ဘဏ္ဍာရေးလိုငွေပြမှုသည် GDP၏ ၇.၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၀-၂၁ ဘဏ္ဍာနှစ်တွင် ၈.၁ ရာခိုင်နှုန်းအထိ တိုးမြင့်လာမည်ဟုခန့်မှန်းသည်။ ၂၀၁၉-၂၀ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ပိုင် စီးပွားရေး လုပ်ငန်းကြီးများ (SEE) ၏ အခွန်ငွေများတိုးမြင့်ရရှိခြင်း နှင့် ငွေကြေးလွှဲပြောင်းမှုများကြောင့် အခွန်ငွေရရှိမှုမှာ မျှော်မှန်းထားသည်ထက် ပိုမိုကောင်းမွန်ခဲ့သည်။ သို့ရာတွင် ဆက်လက်ရင်ဆိုင်နေရသည့် စီးပွားရေး ကျဆင်းလာမှု၊ လူသုံးကုန်ပစ္စည်း ဈေးနှုန်းကျဆင်းမှု နှင့် အခွန်ကောက်ခံမှု ရွှေ့ဆိုင်းပေးခြင်း ၊ ကင်းလွတ်ခွင့်ပေးခြင်း တို့ကြောင့် ၂၀၂၀-၂၁ ဘဏ္ဍာနှစ်တွင် အခွန်ငွေရရှိမှု လျော့နည်းနိုင်ပြီး အသုံးစရိတ်မှာမူ အပြောင်းအလဲမရှိ ဆက်လက်တည်ရှိမည်ဟု ခန့်မှန်းသည်။ တစ်ချိန်တည်းတွင်ပင် Covid-19

စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP) ကို ချေးငွေများ၊ ဘက်ဂျက်လွှဲပြောင်းသုံးစွဲမှုများဖြင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်နေသည်။ လျာထားချက်များအရ စက်တင်ဘာလကုန်တွင် CERP အသုံးစရိတ် လျာထားချက်ထက်ဝက်ကျော် ( GDP ၏ ၁.၇ ရာခိုင်နှုန်းခန့်) ကို ထုတ်ပေးခဲ့ပြီးဖြစ်သည်။ သို့သော် ငွေလုံးငွေရင်း အသုံးစရိတ်များ သုံးစွဲရာတွင် အခက်အခဲရှိနေဆဲဖြစ်သည်။

## စီးပွားရေးမျှော်မှန်းချက်နှင့် ထိခိုက်နိုင်ခြေများ

**ပြည်တွင်း စီးပွားရေးလုပ်ငန်းများ တဖြည်းဖြည်း ပြန်လည်နာလန်ထလာသည့်အတွက် ၂၀၂၀ - ၂၁ ဘဏ္ဍာနှစ်တွင် စီးပွားရေးတိုးတက်မှု ၂ ရာခိုင်နှုန်း ရှိမည်ဟုခန့်မှန်းသည်။** အခြေခံခန့်မှန်းချက်အရ ၂၀၂၀ - ၂၁ ဘဏ္ဍာနှစ် ပထမသုံးလပတ် Q1 တွင် COVID-19 ကူးစက်မှုကို ထိန်းချုပ်ရေး လုပ်ဆောင်ချက်များကြောင့် စီးပွားရေးအပေါ် ထိခိုက်မှုရှိနိုင်သဖြင့် စီးပွားရေးတိုးတက်မှု တုန့်နှေးမည်ဟု မျှော်မှန်းသည်။ ဒုတိယ သုံးလပတ်တွင် နိုင်ငံတွင်း ရောဂါ ကူးစက်မှု နှေးကွေးကျဆင်းလာသည့်နည်းတူ ထိန်းချုပ်မှုများ ဖြေလျှော့လာမည် ဖြစ်သောကြောင့် အနည်းငယ် ပြန်လည်ထူထောင်လာမည်ဟု ခန့်မှန်းသည်။ ကာလလတ်တွင် တိုးတက်မှု အခြေအနေ ကောင်းမွန်လာမည် ဟု မျှော်မှန်းပြီး (က) စက်မှု နှင့် မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းများ၌ ဆောက်လုပ်ရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုအသစ်များ ဝင်ရောက်လာခြင်း၊ (ခ) ကုန်းလမ်းပို့ဆောင်မှု နှင့် ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာခြင်း၊ (ဂ) လျှပ်စစ်နှင့် စွမ်းအင် ၊ (ဃ) ကုန်ထုတ်လုပ်ငန်းများ တဖြည်းဖြည်းတိုးမြင့်လာခြင်း နှင့် (င) ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုမှု တိုးမြင့်လာခြင်းကြောင့် အခြားသောကဏ္ဍများတွင် ကုန်ထုတ်လုပ်အား မြင့်တက်လာခြင်း စသည်တို့ကြောင့် ပျမ်းမျှ ၇ ရာခိုင်နှုန်းအထိ ပြန်လည်ကောင်းမွန်လာမည်။

**စီးပွားရေးတိုးတက်မှု နှေးကွေးခြင်းကြောင့် ဆင်းရဲမွဲတေမှုနှုန်းသည် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ၂၂.၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၀-၂၁ ခုနှစ်တွင် ၂၇ ရာခိုင်နှုန်းအထိ တိုးမြင့်လာမည်ဟု ခန့်မှန်းသည်။** အားကောင်းသည့် မူဝါဒချမှတ်လုပ်ဆောင်မှု မရှိပါက အစောဆုံး ၂၀၂၁-၂၂ ခုနှစ်ရောက်မှသာ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်မည်ဟု ခန့်မှန်းသည်။ ဆင်းရဲမွဲတေသူများ နှင့် ထိခိုက်လွယ်အားအနည်းဆုံးအုပ်စုများကို ဦးတည်၍ ကောင်းစွာပုံစံရေးဆွဲထားသော မူဝါဒ ချမှတ်လုပ်ဆောင်မှု များဖြင့်သာ လက်ရှိဘဏ္ဍာနှစ်တွင် ဆင်းရဲမွဲတေမှုနှုန်းမြင့်တက်လာမှုကို ရှောင်လွှဲနိုင်မည် ဖြစ်ပြီး တည်ငြိမ်သော ဆင်းရဲမွဲတေမှု လျှော့ချရေးလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိနိုင်မည် ဖြစ်သည်။

**ဒေသတွင်းနှင့် ကမ္ဘာတစ်ဝှမ်း၌ ကပ်ရောဂါကြောင့် မသေချာ မရေရာမှုများ ဆက်လက်မြင့်တက်နေဆဲ ဖြစ်သည့်အတွက် စီးပွားရေးတိုးတက်မှု မျှော်မှန်းချက်များအား ထိခိုက်နိုင်ခြေ မြင့်မားနေဆဲဖြစ်သည်။** ကာကွယ်ဆေး သို့မဟုတ် ကုသဆေး ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးနိုင်ခြင်း မရှိသေးသောကြောင့် ကပ်ရောဂါ ကူးစက်မှုလှိုင်းသစ်များ ဖြစ်ပေါ်လာပါက ပိုမိုတင်းကျပ်သော ကန့်သတ်ထိန်းချုပ်မှုများ ကာလကြာရှည် လုပ်ဆောင်ရဖွယ်ရှိသဖြင့် စီးပွားရေးလုပ်ငန်းများ နှောင့်နှေးနိုင်ပါသည်။ ထိခိုက်မှုမြင့်မားသည့်ကဏ္ဍများမှ

ငွေချေးသူများအနေဖြင့် ကြွေးမြီပြန်လည်ပေးဆပ်ရန် အခက်အခဲများရှိလာနိုင်ပြီး အကျိုးဆက်အနေဖြင့် ဘဏ်လုပ်ငန်း၏ ငွေရင်းနှင့် ကြွေးမြီ လည်ပတ်မှုကို ထိခိုက်နိုင်သောကြောင့် ဘဏ္ဍာရေးကဏ္ဍ ထိခိုက်နိုင်ခြေလည်း မြင့်မားသည်။ ပြင်ပတွင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှု နှင့် မိမိနိုင်ငံ အကျိုးစီးပွားကို ဦးစားပေးကာကွယ်မှု အယူအဆ (global protectionism) ကမ္ဘာတစ်ဝှမ်းပြန့်နှံ့အားကောင်းလာခြင်းက ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ တင်ပို့ရမည့် ဈေးကွက်ဝယ်လိုအားကို ထိခိုက်စေနိုင်ပြီး ငွေလုံးငွေရင်းစီးဆင်းမှုကို ကြီးစွာသက်ရောက်စေနိုင်သည်။ သဘာဝဘေးအန္တရာယ်များ နှင့် ရွေးကောက်ပွဲအလွန် မရေရာမှုမျးက အဆိုပါ ထိခိုက်နိုင်ခြေကို ပိုမိုဆိုးရွားစေနိုင်ပါသည်။

## မူဝါဒ တုန့်ပြန်ဆောင်ရွက်မှုများ

**ကာလတိုတွင် နိုင်ငံတော်အစိုးရသည် ဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှု နှေးကွေးစေရန် နည်းလမ်းများ အလေးထား ဆောင်ရွက်သည့်နည်းတူ အားအနည်းဆုံးသော ထိခိုက်လွယ်အုပ်စုများကို အကာအကွယ်ပေးမှုများ လုပ်ဆောင်သင့်သည်။** နိုင်ငံတော်အစိုးရသည် Covid-19 စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP) နှင့် မြန်မာနိုင်ငံ ၏ စီးပွားရေးပြန်လည်ထူထောင်ရေးနှင့် ပြုပြင်ပြောင်းလဲရေးစီမံကိန်း (MERRP) တို့ကိုရေးဆွဲချမှတ် အကောင်အထည်ဖော်နေခြင်းဖြင့် အထိုက်အလျောက် သက်သာစေခဲ့သော်လည်း အိမ်ထောင်စုများ၊ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ္ဍာရေးကဏ္ဍအပေါ် ထိခိုက်မှုများကို သေချာစွာ စောင့်ကြည့်ရန် လိုအပ်သည်။ ဥပမာ မိခင်နှင့်ကလေး ထောက်ပံ့ငွေပေးအပ်ခြင်း **(MCCT)** ကိုတိုးချဲ့ ခြင်းက ဆင်းရဲမွဲတေမှုကို လျှော့ချရန် သိသိသာသာ အထောက်အကူပြုနိုင်သော်လည်း လျှပ်စစ်မီတာခများ စိုက်ထုတ်ကျခံပေးခြင်းက ကုန်ကျစရိတ်ကြီးမားသည့်ပြီး ချမ်းသာသည့် အိမ်ထောင်စုများကို ပိုမိုအကျိုးပြုပါလိမ့်မည်။ ယခုအကျပ်အတည်း ပြီးဆုံးသည်အထိ ငွေကြေးထောက်ပံ့မှုများကို ထပ်ခါထပ်ခါ ပြုလုပ်ခြင်းနှင့်အတူ အဆင်းရဲဆုံးသူများအား ဦးတည်၍ ရေရှည်လူမှုထောက်ပံ့မှုများ ဖော်ဆောင်ခြင်းက သိသာသော လူမှုဖူလုံရေးနှင့် သက်သာချောင်ချိစေရေး အကျိုးကျေးဇူး ဖြစ်ထွန်းစေပါမည်။

**ဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်သည်နှင့် တစ်ပြိုင်နက် စီးပွားရေးလုပ်ငန်းများ တစ်ဖြည်းဖြည်း ပြန်လည်လည်ပတ်နိုင်လာမည် ဖြစ်ပြီး အခြေအနေပေါ်မူတည် တုန့်ပြန်သည့် နည်းဗျူဟာအရ ကာလလတ်နှင့် ကာလရှည် ပြန်လည် ထူထောင်ရေးအတွက် စီးပွားရေး နှိုးဆွမှုများ ပြုလုပ်ရန် လိုအပ်သည်။** ။ ပြည်သူ့အခြေခံအဆောက်အအုံများတွင် ဦးစားပေးရင်းနှီးမြှုပ်နှံခြင်းဖြင့် ကာလတိုနှင့် ကာလလတ်တွင် စုစုပေါင်းဝယ်လိုအား နှင့် ဆောက်လုပ်ရေးလုပ်ငန်းများ တိုးမြင့်စေနိုင်ပြီး ကာလရှည်တွင် စီးပွားရေး ကုန်ထုတ်စွမ်းအားတိုးမြှင့် စေနိုင်သည်။ အထက်တွင် ဖော်ပြခဲ့သည့် စီးပွားရေးလုပ်ငန်းများနှင့် အိမ်ထောင်စုများ ကြွေးမြီပြန်လည်ပေးဆပ်ရန် အခက်အခဲရှိမှုက ထိခိုက်နိုင်ခြေ အန္တရာယ်များသောကြောင့် ဘဏ္ဍာရေးကဏ္ဍ

တည်ငြိမ်မှုကို ဦးစားပေးလုပ်ဆောင်သင့်သည်။ ဒစ်ဂျစ်တယ် နည်းပညာတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်ခြင်းဖြင့် ဘဏ္ဍာရေးကဏ္ဍအပါအဝင် စီးပွားရေးတစ်ခုလုံးကို အကျိုးဖြစ်ထွန်းစေနိုင်ပါသည်။ မြန်မာနိုင်ငံသည် ဆေးဝါးထုတ်လုပ်မှု၊ စားသောက်ကုန်ပြင်ဆင်ထုတ်လုပ်မှု၊ သင်္ဘောနှင့် ရေယာဉ်များ ပြုပြင်ထိန်းသိမ်းခြင်း နှင့် ဝန်ဆောင်မှုလုပ်ငန်း ၊ အာမခံလုပ်ငန်း၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများ စသည်တို့တွင် စီးပွားရေး အခွင့်အလမ်းကောင်းများ ဖော်ထုတ်သင့်သည်။

**ကာလရှည်တွင် မြန်မာနိုင်ငံအစိုးရအနေဖြင့် fiscal space ဖန်တီးရန် ၊ ဘဏ္ဍာငွေ သုံးစွဲမှု ပိုမိုထိရောက်ကောင်းမွန်စေရန် နှင့် ဘဏ္ဍာရေးတည်ငြိမ်ခိုင်ခံ့မှု အားကောင်းစေရန် လုပ်ဆောင်နိုင်သည့် အချက်များစွာရှိပါသည်။** ၎င်းတို့မှာ (က) ဝင်ငွေများလေ အခွန်တိုးမြှင့်လေပုံစံ (progressive taxation)ဖြင့် အခွန်အခြေခံချဲ့ထွင်ခြင်း ၊ (ခ) ရသုံးခန့်မှန်းခြေ စာရင်းပြင်ဆင်ရေး လုပ်ငန်းစဉ် ကိုတိုးတက်ကောင်းမွန်စေခြင်း၊ (ဂ) ဘက်ဂျက် ပြောင်းလွှယ်ပြင်လွှယ်မှု အားကောင်းစေခြင်း နှင့် လူမှုဖူလုံရေးကို တိုးမြှင့်ခြင်း ၊ (ဃ) ကြွေးမြီဝန်ထုတ်ဝန်ပိုး နှင့် ဘဏ္ဍာရေးထိခိုက်နိုင်ခြေများကို စောင့်ကြည့်ခြင်းတို့ ပြုလုပ်ရန် အကြံပြုပါသည်။ အထက်ပါ နည်းလမ်းများသည် နိုင်ငံတော်အစိုးရအနေဖြင့် အနာဂါတ်တွင် အကျပ်အတည်းများ ရင်ဆိုင်ရပါက ပိုမိုကောင်းမွန်စွာ တုန့်ပြန်ရင်ဆိုင်နိုင်ရန် များစွာအထောက်အကူပြုပါလိမ့်မည်။ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ပိုမိုကျခံသုံးစွဲရန်နှင့် ထိရောက်စွာသုံးစွဲနိုင်ရန် ၊ အခြေခံဝန်ဆောင်မှုများ ပံ့ပိုးပေးရာတွင် နှောင့်နှေးမှုများ ရှောင်ရှားနိုင်ရန် နှင့် တစ်ပြိုင်တည်းတွင် COVID-19 ကို ကောင်းစွာ ထိန်းချုပ်နိုင်ရန် များစွာအရေးကြီးသည်။ (အထူးအကြောင်းအရာ - ၂ ကိုကြည့်ပါ)

### အထူးအကြောင်းအရာ - ၁ - ကိုဗစ်-၁၉ ၏ လုပ်ငန်းများ နှင့် ဆင်းရဲမွဲတေမှုအပေါ်သက်ရောက်မှု

**မြန်မာနိုင်ငံ COVID-19 ထိခိုက်မှု လေ့လာစောင့်ကြည့်ခြင်း (COVID-19 Monitoring Platform) အရ COVID-19 ၏ထိခိုက်မှုကို အိမ်ထောင်စုအဆင့်တွင် သိသိသာသာဆိုးရွားကြောင်းတွေ့ရသည်။** အောက်တိုဘာလတွင် စီးပွားရေးလုပ်ငန်းများ၏ ၈၇ ရာခိုင်နှုန်းက COVID-19 ကြောင့် ၎င်းတို့လုပ်ငန်းများ လည်ပတ်မှုအပေါ် ထိခိုက်စေကြောင်း ၊ စီးပွားရေးလုပ်ငန်းအားလုံးနီးပါးက အရောင်းကျဆင်းကြောင်း နှင့် သုံးပုံတစ်ပုံက ရင်းနှီးမြှုပ်နှံမှုလျော့ကျသွားကြောင်း ၊ အကျိုးဆက်အနေဖြင့် အလုပ်အကိုင်နှင့် လုပ်သားဝင်ငွေများ ကျဆင်းသွားကြောင်း တင်ပြခဲ့ကြသည်။ အဆိုပါ စစ်တမ်းကပင် အိမ်ထောင်စုများရှိ အဓိက ဝင်ငွေရှာသူ လုပ်သားများ၏ သုံးပုံတစ်ပုံခန့်က အောက်တိုဘာလတွင် လစာဝင်ငွေရသည့် အလုပ်အကိုင် ရှာဖွေနိုင်ခြင်း မရှိကြောင်းတွေ့ရှိရသည်။

**ကုန်ထုတ်လုပ်ငန်းများမှ ပုံမှန်အလုပ်အကိုင်မရှိသော ကျပန်းလုပ်သားများစွာအပေါ် ဆိုးရွားစွာ သက်ရောက်ခဲ့ပြီး သင့်လျော်သည့် လူမှုဖူလုံရေး ထောက်ပံ့မှုများ မရရှိသောကြောင့်**

**ဆင်းရဲဒုက္ခပိုမိုရောက်ကြရသည်။** လက်လီ ရောင်းချခြင်းနှင့် ပုဂ္ဂလိက ဝန်ဆောင်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍများမှ လုပ်သားများသည်လည်း ပြန်လည် ထူထောင်နိုင်ခြင်းမရှိဘဲ အသွားအလာ ကန့်သတ်မှုများကြောင့် လုပ်ငန်းအများစု ရပ်တန့်သွားခဲ့သဖြင့် ၅၄ ရာခိုင်နှုန်းသည် ဝင်ငွေနည်းပါးစွာ ရရှိကြောင်း တင်ပြခဲ့ကြသည်။ ထိုမျှသာမက ခရီးသွားလုပ်ငန်းများမှ ဝင်ငွေအပေါ် မှီခိုရသည့် လုပ်သားများသည် အလုပ်ဆက်လုပ်နေသော်လည်း ပြည်တွင်း ကူးစက်မှု မြင့်မားနေခြင်းနှင့် နိုင်ငံတကာခရီးသွားလာမှု ကန့်သတ်ချက်များ ဆက်လက်ရှိနေဆဲဖြစ်သောကြောင့် ခရီးသွားရာသီ ပြန်လည်ရောက်ရှိရန် အချိန်ကြာဦးမည် ဖြစ်ကာ ဝင်ငွေနည်းပါးနေဦးမည် ဖြစ်သည်။

**COVID-19 ကြောင့် အခြားတွင် စီးပွားရှာနေသူများ မြန်မာနိုင်ငံသို့ ပြန်လာရခြင်းကလည်း အိမ်ထောင်စုဝင်ငွေရလမ်း လျော့ကျစေပြီး မှီခိုသူဦးရေ မြင့်မားလာသဖြင့် အိမ်ထောင်စု သက်သာချောင်ချိရေး ကိုထိခိုက်စေသည်။** မေလတွင် လွှဲပို့ငွေများဆက်လက်ရရှိနေဆဲ ဖြစ်သည့် အိမ်ထောင်စုများ၏ ၇၃ ရာခိုင်နှုန်းက လွှဲပို့ငွေ နည်းပါးသွားကြောင်း ပြောဆိုခဲ့ကြသည်။ ဒုတိယ ကူးစက်မှုလှိုင်းမစခင် ဩဂုတ်လတွင်မူ လွှဲပို့ငွေ စီးဝင်မှု ပြန်လည်မြင့်တက်လာခဲ့ကြောင်းတွေ့ရသည့်အတွက် ပြည်တွင်းရွှေ့ပြောင်းလုပ်ကိုင်သူများ စီးပွားရေး လုပ်ငန်းများသို့ ပြန်လည်ဝင်ရောက် သွားခြင်းဖြစ်နိုင်သည်။

**COVID-19 ကပ်ရောဂါ ဒုတိယလှိုင်း၏ စီးပွားရေးအပေါ်ထိခိုက်မှုမှာ ပထမအကြိမ်ထက် ပိုမိုပြင်းထန်သောကြောင့် ပြန်လည်ထူထောင်ရေး မျှော်မှန်းချက်များကို များစွာထိခိုက်စေသည်။** အောက်တိုဘာလတွင် ပြုလုပ်ခဲ့သော စစ်တမ်းရလာဒ်များအရ ပျမ်းမျှအားဖြင့် စိုက်ပျိုးရေးကဏ္ဍမှလွဲ၍ ကဏ္ဍအားလုံးက စီးပွားရေးလုပ်ငန်းအများစုသည် ပြီးခဲ့သည့် နှစ် တူညီသည့် လနှင့် နှိုင်းယှဉ်လျှင် ကုန်လွန်ခဲ့သည့် လအတွင်း အမြန်အစွန်း ၅၀ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ကြောင်းတွေ့ရသည်။ ဒုတိယလှိုင်းကူးစက်မှုသည် ဒီဇင်ဘာအထိ ဆက်လက်ဖြစ်ပွားနေသောကြောင့် စီးပွားရေးလုပ်ငန်းများ ဆက်တိုက် အမြတ်အစွန်း လျော့နည်းလာခြင်းက ၄င်းတို့ ဆက်လက်ရပ်တည်နိုင်စွမ်းနှင့် ပြန်လည်ထူထောင်နိုင်စွမ်းကို ဆိုးရွားစွာ ထိခိုက်စေနိုင်သည်။ လက်တလောတွင် စီးပွားရေးကဏ္ဍအလိုက် လုပ်ငန်းအရွယ်အစား နှင့် ပထဝီနယ်မြေအနေထားအပေါ် မူတည်၍ အွန်လိုင်း/ ဒစ်ဂျစ်တယ်ပလက်ဖောင်းသုံးစွဲနိုင်မှု ကွာခြားချက် ကြီးမားနေဆဲဖြစ်သည်။

**အိမ်ထောင်စုများသည် ထိခိုက်မှု သက်သာလျော့ပါးစေရန် အန္တရာယ်များသော ၊ ရေရှည်တည်တံ့ခြင်းမရှိသော နည်းလမ်းများကို အသုံးပြုနေရသဖြင့် ကြွေးမြီတင်ရှိမှု များပြားလာသည်။** ဖြေဆိုသူထက်ဝက်ခန့်က မေလတွင် အစားအစာ နှင့် အစားအစာမဟုတ်သော ကုန်ပစ္စည်းသုံးစွဲနိုင်မှု လျော့နည်း သွားကြောင်း နှင့် ဩဂုတ်လတွင်မူ ၃၀ ရာခိုင်နှုန်းအထိ ဆက်လက်ကျဆင်းသွားကြောင်းတွေ့ရသည်။ ဩဂုတ်လတွင် အလုပ်အကိုင်များ ၊ ဝင်ငွေများ ပြန်လည်ရရှိကြသော်လည်း အိမ်ထောင်စုများ၏ ထက်ဝက်က ငွေရေးကြေးရေးအတွက် ပူပန်ရကြောင်း ပြောဆိုခဲ့ကြသည်။ ဒုတိယ ကူးစက်မှုလှိုင်း မစတင်ခင်ကပင် ကြွေးမြီပြန်ဆပ်နိုင်မှု မရှိသည့် နှုန်းမြင့်မားကြောင်း

တွေ့ရသည်။ ဆင်းရဲနွမ်းပါးသူများ နှင့် ချို့တဲ့သူများ သည် အတိုးနှုန်းမြင့်မားသည့် အရပ်သူ၊ အရပ်သား ငွေရှင်များကို အားထားရမှု သိသိသာသာ များပြားသည်။ ဒုတိယလှိုင်း ကူးစက်မှုနှင့်အတူ အသွားအလာ ကန့်သတ်တားမြစ်မှုများ နှင့် ကြာရှည်သည့် စီးပွားရေး အကျပ်အတည်းက ပိုမိုများပြားသည့် အိမ်ထောင်စုများ၏ စားသုံးမှုကို ထိခိုက်စေပြီး ရေရှည်တွင် လူသားရင်းမြစ် နှင့် ကုန်ထုတ်လုပ်နိုင်စွမ်းအားများအပေါ် ဆိုးကျိုးသက်ရောက်စေပါသည်။

## အထူးအကြောင်းအရာ - ၂ - လူသားအရင်းအမြစ်အပေါ် Covid - 19 ၏ သက်ရောက်မှု (ကျန်းမာရေးနှင့် ပညာရေး)

**COVID-19 ကပ်ရောဂါသည် အခြေခံကျန်းမာရေး ဝန်ဆောင်မှုများ ပြတ်တောက်စေခြင်း ၊ အိမ်ထောင်စုသက်သာချောင်ချိရေးကို ထိခိုက်စေခြင်းတို့ဖြင့် မြန်မာနိုင်ငံ၏ လူသားရင်းမြစ် ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသည်။** မြန်မာနိုင်ငံအနေဖြင့် အစိတ်စိတ် ပြန့်ကျဲနေသည့် ကျန်းမာရေး ဝန်ဆောင်မှုစနစ်၊ ကျန်းမာရေးဝန်ထမ်းအင်အား မလုံလောက်မှု ၊ ပြည်သူများအနေဖြင့် ကျန်းမာရေး ဝန်ဆောင်မှုများကို ရယူသုံးစွဲနိုင်မှု အခက်အခဲရှိခြင်းနှင့် ကျန်းမာရေးအတွက် လုံလောက်သည့် ငွေကြေး ကျခံသုံးစွဲနိုင်မှုမရှိခြင်း စသည် ရှိရင်းစွဲ ရင်ဆိုင်နေရသော စိန်ခေါ်ချက်များကို ပိုမိုဆိုးရွားစေသည်။

**လက်တလော တွေ့ရှိရသည့် အခွင့်အလမ်းများကို အသုံးချ၍ မြန်မာ့ကျန်းမာရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးစေနိုင်မည့် နည်းလမ်းများကို အောက်ပါအတိုင်းအကြံပြုပါသည်။**

(က) **ဦးစားပေးနယ်ပယ် ၁ ။ မြန်မာ့ကျန်းမာရေးစနစ် ပိုမိုထိရောက် ၊ အရည်အချင်းပြည့်ဝ၍ တန်းတူညီမျှ ဖြစ်စေရန် ကာလလတ် ရင်းနှီးမြုပ်နှံမှုများ**ဖြစ်သည့် (၁) အမျိုးသမီးနှင့် ကလေးငယ်များ၏ ကျန်းမာရေးနှင့် အာဟာရပြည့်ဝရေးတို့တွင် ပိုမိုကျခံသုံးစွဲခြင်း၊ (၂) မဟာဗျူဟာကျကျ လိုက်လျောညီထွေသော အခြေခံကျန်းမာရေး ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း၊ (၃) ရပ်ရွာအခြေပြု ကျန်းမာရေးဝန်ဆောင်မှု အားကောင်းစေခြင်း၊ နှင့် (၄) အမျိုးသမီးနှင့် ကလေးငယ်များ၏ ကျန်းမာရေးနှင့် အာဟာရပြည့်ဝရေး လုပ်ငန်းများတွင် ICT နည်းပညာကို အသုံးပြုခြင်း တို့ကို ပြုလုပ်သင့်သည်။

(ခ) **ဦးစားပေးနယ်ပယ် ၂ ။ ကာလတိုတွင် COVID-19 ရောဂါကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ရန် ကြိုတင် ပြင်ဆင်မှုနှင့် ကုသရေး လုပ်ငန်းများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ လတ်တလောလိုအပ်ချက်များ** ကို ဖြေရှင်းနိုင်ရန် (၁) COVID-19 ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများ၊ (၂) အခြေခံကျန်းမာရေး ဝန်ဆောင်မှုများ ပေးအပ်ရာတွင် နှောင့်နှေးမှုမရှိစေရေး၊ (၃) အားနည်းသည့် အုပ်စုများကို အကာအကွယ်ပေးခြင်းနှင့်

ကျန်းမာရေးဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်ခြင်း မရှိစေရန် အတားအဆီးဖြစ်စေသည့် အချက်များကို ပြုပြင်ဖြေရှင်းခြင်း ၊ (၄) ကောင်းစွာ ပူးပေါင်းလုပ်ဆောင်နိုင်ပြီး ရေရှည်တည်တံ့သည့် စနစ်/အဖွဲ့အစည်း ဖြစ်စေခြင်း နှင့် (၅) COVID-19 ကာကွယ်ဆေးထိုးပေးနိုင်ရန် ပြင်ဆင်ခြင်း တို့ကို ဦးစားပေးဆောင်ရွက်သင့်သည်။

**စာသင်ကျောင်းများ ပိတ်ထားရခြင်းသည် ညှိနှိုင်းစာသင်နှစ် (Learning-Adjusted Years of Schooling (LAYS)) ၊ မျှော်မှန်း စာသင်နှစ် (Expected Years of Schooling (EYRS))၊ သင်ယူမှုရလာဒ် နှင့် ဝင်ငွေသက်ရောက်မှုတို့အပေါ် ကာလလတ် နှင့် ကာလရှည် ထိခိုက်မှု ဖြစ်စေနိုင်သည်။** လက်ရှိ ကျောင်းသားအုပ်စုများအနက် အသက် ၄-၁၇ နှစ်အရွယ် ကျောင်းသားအုပ်စုမှာ ၎င်းတို့၏ LAYS သည် (အကောင်း ဖြစ်နိုင်ခြေအခင်းအကျင်းတွင် ) ၀.၈ နှင့် (အဆိုးဖြစ်နိုင်ခြေအခင်းအကျင်းတွင်) ၁.၀ လျော့နည်းနိုင်ခြေရှိပြီး ခန့်မှန်းခြေ ၁၅ ရာခိုင်နှုန်း ကျဆင်းသွားနိုင်သည်။ EYRS သည် အဆိုးဖြစ်နိုင်ခြေတွင် လက်ရှိ ၁၀ နှစ်မှ ၉.၀ နှစ် သို့ လျော့နည်းသွားနိုင်သည်။ ယင်းကြောင့် သင်ယူမှုရလာဒ်တွင် Harmonized Test Scores (HLO) of ~25 points (~၅.၈ ရာခိုင်နှုန်း) သိသိသာသာ ကျဆင်းသွားနိုင်သည်။

**စာသင်ကျောင်းများ ဆက်လက်ပိတ်ထားရပါက ပညာရေးကို များစွာထိခိုက်စေကာ ပညာသင်ယူမှု ဆုံးရှုံးခြင်းနှင့် ဝင်ငွေရရှိမှုအပေါ် ထိခိုက်စေနိုင်မှုမှာ ဆက်လက်မြင့်တက်နေမည်ဖြစ်သည်။** ပေါင်းစပ်လိုက်ပါက LAYS သိသိသာသာ လျော့ကျမှုက (တစ်ဦးချင်း) နှစ်စဉ်ဝင်ငွေရရှိမှု ကျဆင်းခြင်းကို ဖြစ်စေပြီး (optimistic) တွင် ၂၇၄ $ နှင့် (pessimistic) တွင် ၃၆၀ $ ဖြစ်သဖြင့် တစ်သက်တာ ဝင်ငွေရရှိမှု၏ ၈.၃ ရာခိုင်နှုန်းရှိသောကြောင့် စီးပွားရေးအရ ဆုံးရှုံးမှု များပြားသည်[1]။ မကြုံစဖူးထူးကဲ ပြင်းထန်သည့် Covid – 19 ကြောင့် ကျောင်းသား၊ ကျောင်းသူအားလုံး၏ တစ်သက်တာ လက်ရှိတန်ဖိုး ဝင်ငွေရရှိမှု (Present Value earning) ထိခိုက်ဆုံးရှုံးမှုသည် (pessimistic) တွင် အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံ (၂၀၁၉ ခုနှစ် GDP ၏ လေးပုံတစ်ပုံကျော်ရှိ) ရှိပြီး ဆက်လက်မြင့်တက် နေဦးမည်ဖြစ်သည်။ ယင်းသည် ကုန်လွန်ပြီးသက်တမ်းကာလ ဝင်ငွေ စုစုပေါင်းတွင် ၄.၉ ရာခိုင်နှုန်း လျော့နည်းသွားခြင်းဖြစ်ပြီး စီးပွားရေး တိုးတက်မှု၊ ချမ်းသာကြွယ်ဝမှု နှင့် လူသားရင်းမြစ် ဖွံ့ဖြိုးတိုးတက်မှုအပေါ် သိသာထင်ရှားသည့် ထိခိုက်မှုဖြစ်စေသည်။ သင်ကြားမှုနှင့် ပညာရေးတို့တွင် တိုးတက်ပြောင်းလဲမှု မရှိဘဲ လက်ကျန်စာသင်နှစ်ကာလတွင် စာသင်ကျောင်းများ ဆက်လက်ပိတ်ထားမည် ဆိုပါက အထက်ပါ ကိန်းဂဏန်းများမှာ ဆက်လက်မြင့်တက်နေမည်သာဖြစ်သည်။ COVID-19 ကြောင့် ပညာသင်ယူမှုဆိုင်ရာ ထိခိုက် ဆုံးရှုံးမှုများနှင့် ရှိရင်းစွဲ ပညာရေးဆိုင်ရာ အခက်အခဲများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် နှင့် ကျောင်းသား၊ ကျောင်းသူများ စာသင်ကျောင်းများတွင် ကျန်းမာပျော်ရွှင်စွာ ပြန်လည်

---

1 **In comparison,** GDP in Myanmar was worth 76.09 billion US dollars in 2019.

တက်ရောက်နိုင်စေရေးတို့အတွက် ပညာရေး ဝန်ကြီးဌာနအနေဖြင့် - (၁) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများထံ ထပ်မံ ရနိုင်မည့် အထောက်အပံ့များကို တတ်နိုင်သမျှ ရယူရန်၊ (၂) စာသင်ကျောင်းများသည် ကျောင်းသား၊ ကျောင်းသူများ လုံခြုံစိတ်ချစွာ ပညာသင်နိုင်ကြားနိုင်သည့် နေရာဖြစ်စေရန်၊ (၃) ကလေးသူငယ်များ၏ ပညာသင်ယူခွင့်နှင့် ပညာရေး လိုအပ်ချက်များကို ဖြည့်ဆည်းထောက်ပံ့ပေးရန် နှင့် (၄) မြန်မာနိုင်ငံရှိ ပညာရေးဝန်ဆောင်မှုပေးသူများ နှင့် လက်တွဲလုပ်ဆောင်ရန် လိုအပ်ကြောင်း အကြံပြုလိုပါသည်။